# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 24, 2020 Volume 33, Number 17


၂၄.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၈၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၇၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၈၁/- ကျပ် |
| CBM Rate | = ၁၃၇၀.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၈.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၃.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၀.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၂၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## တမူးမြို့သည် အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား နယ်စပ်ဒေသဖြစ်ရာ ကုန်သွယ်မှုအလားအလာကောင်းမွန်သဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဒေသခံများ၏ ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးရေး တမူးကုန်သွယ်ရေးဇုန် တည်ထောင်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



တမူးမြို့သည် အိန္ဒိယနှင့်မြန်မာနိုင်ငံအကြား နယ်စပ်ဒေသဖြစ်ရာ ကုန်သွယ်မှုအလားအလာများ ကောင်းမွန်သဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဒေသခံပြည်သူများ၏ ရေရှည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တမူးကုန်သွယ်ရေးဇုန်အား တည်ထောင်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြား သည်။

တမူးကုန်သွယ်ရေးဇုန် တည်ဆောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင်ကျင်းပခဲ့ရာ တမူးကုန်သွယ်ရေးဇုန် တည်ဆောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒေသဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေး၊ အနာဂတ်ကာလတွင် ကုန်သွယ်ရေးဇုန်ကြီးတစ်ခု တည်ဆောက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာရေးနှင့်နှစ်နိုင်ငံ ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး ဖွဲ့စည်းထားသည့် တမူးကုန်သွယ်ရေးဇုန် တည်ဆောက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီနှစ်ရပ်အပြင် လုပ်ငန်းအဖွဲ့ တစ်ခုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပြီး အနီးကပ်ကြီးကြပ် သွားရန် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြန်မာ-အိန္ဒိယနယ်စပ် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် လက်ရှိအချိန်၌ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့်မော်တော်ကားလမ်းများ ကောင်းမွန်လာပြီး ကုန်သွယ် ရေးလုပ်ငန်းများ တိုးတက်လာသည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုသည် ယခင်ကာလများထက် တိုးတက်လာကြောင်း ကလေး-တမူးနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးလှမောင်က ၂၀၁၉ ခုနှစ်အတွင်းက ပြောကြားထားသည်။ အိန္ဒိယ၏ ဝယ်လိုအားဈေးကွက်က အလားအလာကောင်းမွန်ပြီး ကြီးမားသည့်ဈေးကွက်တစ်ခုဖြစ်လာနေသည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍမှာ မြန်မာ့ပို့ကုန်ဈေးကွက် အသာစီးရရှိထားသည့် တစ်ခုတည်းသော ဈေးကွက်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ကုန်သွယ်မှုပြုလုပ်နေသည့် ကုမ္ပဏီများ၏ ပို့ကုန်၊ သွင်းကုန်များနှင့် ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ထွက်ကုန်သီးနှံများကို စနစ်တကျသိုလှောင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ကာ ပို့ကုန်ပမာဏမြှင့်တင်နိုင်ရန်၊ နှစ်နိုင်ငံကုန်သွယ်မှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တမူးနယ်စပ်တွင် စီးပွားရေးဇုန်တစ်ခု အကောင်အထည်ဖော်ပေးရန် ယခင်နှစ်များအတွင်းက ကျင်းပခဲ့သည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် လုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ဥက္ကဋ္ဌ ဦးလှမောင်က တင်ပြခဲ့ကြောင်းသိရသည်။ "စီးပွားရေးဇုန်ထူထောင်ဖို့ဆိုတာ မကြာခင်မှာ အိန္ဒိယအစိုးရရဲ့ Act East Policy ဆိုတာရှိတယ်။ အဲဒီ Act East Policy ရယ် ASEAN+India ရယ်၊ အိန္ဒိယကနေ မြန်မာနိုင်ငံကို ဖြတ်သန်းပြီးတော့မှ အာဆီယံနိုင်ငံတွေကိုသွားဖို့ Trilateral Road ပေါ့နော်၊ ယာကြီး-ကလေးဝလမ်းတို့ကို အိန္ဒိယက အဆင့်မြှင့်နေတာရှိတယ်။ ဒါတွေကြောင့် နယ်စပ်တွေကို မလွဲမသွေ ပြောင်းလဲပေးရမှာလေ။ အဲဒါတွေပြောင်းလဲပေးဖို့ ကျွန်တော်ကတင်ပြခဲ့တာဖြစ်ပါတယ်။ ဒါတွေက မြောက်ပိုင်းမှာ ဖြစ်နေတဲ့ စီးပွားရေးပြတ်တောက်နေတဲ့ကိစ္စတို့၊ ကားလမ်းတွေ ပြတ်တောက်နေလို့ ဒီဘက်ကသာ သွားမလားလို့ အဲဒီလိုလည်း မဟုတ်ဘူး။ အိန္ဒိယပစ္စည်း တော်တော်များများက ပင်လယ်ရေကြောင်းကလာတယ်။ နယ်စပ်ကသွင်းတာမရှိဘူး။ နယ်စပ်က တင်ပို့တာပဲများတယ်။ ပို့ကုန်အသာစီးရတဲ့ဒေသဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်က ဒါကို ဘယ်လိုပဲဖြစ်ဖြစ် ပို့ကုန်တွေသိုလှောင်ဖို့ ဂိုဒေါင်တွေဘာတွေ ဆောက်ဖို့လိုလာပြီ။သင့်တော်တဲ့နေရာပေးဖို့ ကျွန်တော်တောင်းဆိုခဲ့တာဖြစ်ပါတယ်" ကလေး-တမူး နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးလှမောင်က ပြောကြားထားသည်။

**Source:** https://news-eleven.com/article/184330

## ၂၀၂၀ ပြည့်နှစ် မိုးစပါးနှင့် ၂၀၂၁ ခုနှစ် နွေစပါးအတွက် အခြေခံစပါးဈေးနှုန်းကို စပါးတင်း ၁၀၀ လျှင် ကျပ် ၅၂၀၀၀၀ သတ်မှတ်ခဲ့ပြီး ယခင်နှစ်များထက် ကျပ် ၂၀၀၀၀ တိုးမြှင့်သတ်မှတ်



၂၀၂၀ ပြည့်နှစ် မိုးစပါးနှင့် ၂၀၂၁ ခုနှစ် နွေစပါးအတွက် အခြေခံစပါးဈေးနှုန်းကို စပါးတင်း ၁၀၀ လျှင် ကျပ် ၅၂၀၀၀၀ သတ်မှတ် ခဲ့ပြီး ယခင်နှစ်များထက် ကျပ် ၂၀၀၀၀ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင် အဖွဲ့က ထုတ်ပြန်ထားသည်။ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်းအမှော်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းဈေးနှုန်းကို ၅၂၀၀၀၀ ကျပ်သတ်မှတ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုသတ်မှတ်သော အခြေခံရည်ညွှန်း စပါးဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် မိုးစပါးနှင့် ၂၀၂၁ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်များတွင် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို ငါးသိန်းကျပ်ဖြင့်သာ သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ကျပ်နှစ်သောင်းတိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်းဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်း ဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်းဝယ်ယူရမည်ဖြစ်သည်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ

အတွက် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်းသိရသည်။

အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံး (ဖုန်း-၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆) သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။ သတ်မှတ်ထားသော အခြေခံစပါးဈေးနှုန်းအောက်ကျဆင်းပါက နိုင်ငံတော်မှစပါးဝယ်ယူနိုင်ရန်အတွက် ရန်ပုံငွေအဖြစ် ကျပ် ၁၅ ဘီလျံလျာထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားထားသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၉ ရက်က UMFCCI တွင်ပြုလုပ်သည့် “နိုင်ငံ့စီးပွား တိုးမြှင့်၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်” မြန်မာနိုင်ငံမူပိုင်ခွင့်ဥပဒေများမိတ်ဆက်ခြင်းနှင့် ကုန်အမှတ်တံဆိပ် ဥပဒေအကောင်အထည်ဖော်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ “ကျွန်တော်တို့လုပ်ခဲ့တာတော့ အဆင့်ဆင့်လုပ်ခဲ့တာပေါ့။ ပထမကတော့ အခြေခံဈေးနှုန်းထက်ကျမယ်ဆိုရင် ဝယ်ယူဖို့ရန်ပုံငွေပေါ့လေ။ ရန်ပုံငွေကတော့ Initially ၁၅ ဘီလျံလျာထားပါတယ်။ အဲဒီ ၁၅ ဘီလျံကတော့ ထုတ်ထားပြီးပြီ ကျွန်တော်တို့မှာ အဆင်သင့်ပဲဖြစ်ပါတယ်” ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ စပါးဝယ်ယူရန် ချပေးထားသည့် ရန်ပုံငွေပမာဏ ကျပ် ၁၅ ဘီလျံထက် ကျော်လွန်ခဲ့ပါက လည့်လည်ရန်ပုံငွေမှ ထပ်မံတောင်းခံ၍ ဝယ်ယူပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၂၀၁၉ မိုးစပါးနှင့် ၂၀၂၀ နွေစပါးတို့အတွက် သတ်မှတ်ခဲ့သည့် အခြေခံစပါဈေးနှုန်း ကျပ်ငါးသိန်းအောက်ကျဆင်းခဲ့သည့် အခြေအနေများရှိခဲ့သဖြင့် အဆိုပါရန်ပုံငွေဖြင့် ဝယ်ယူပေးခဲ့ခြင်းများရှိခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/184199

## အိန္ဒိယကုန်သည်များ ဈေးလျှော့ဝယ်ခြင်းနှင့် ဒေါ်လာတန်ဖိုးကျခြင်းကြောင့် ပြည်တွင်းပဲဈေးကျ



အိန္ဒိယကုန်သည်များ၏ ဈေးလျှော့ဝယ်ယူမှုနှင့် ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းနေခြင်းကြောင့် မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းကျဆင်းကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယနိုင်ငံ၏ ဝယ်ယူမှုအပေါ် မှီခိုနေရသော မတ်ပဲသည် ပြီးခဲ့သည့် သီတင်းပတ်ထက် တစ်တန်လျှင် ကျပ်နှစ်သောင်း၊ ပဲစင်းငုံက တစ်တန်လျှင် ကျပ်တစ်သောင်းခန့်ဈေးကျလာသည်။

ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကိုးသိန်းခြောက်သောင်းကျပ်၊ ပဲစင်းငုံတစ်တန်လျှင် ရှစ်သိန်းနှစ်သောင်းကျပ် ဈေးဖွင့်ခဲ့သည်။ လက်ရှိ ပြည်တွင်းငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာ ၁,၃၉၂ကျပ်ဖြင့် အမြင့်ဈေးဖွင့်သည်။ ပို့ကုန်ရငွေတန်ဖိုးကလည်း ၁,၃၈၀ ကျော် ဈေးဖွင့်သည်။ ယခုနှစ်တွင် အိန္ဒိယအစိုးရက ပြည်ပမှပဲစင်းငုံ တန်လေးသိန်း၊ မတ်ပဲ တန်လေးသိန်းတင်သွင်းမည်ဟု ထုတ်ပြန်ကြေညာထားသည်။

ပဲစင်းငုံကို အာဖရိကနိုင်ငံများအပါအဝင် အခြားသောနိုင်ငံများနှင့် ဈေးနှုန်းယှဉ်ပြိုင်ရောင်းချရသော်လည်း မတ်ပဲက မြန်မာနိုင်ငံတစ်နိုင်ငံသာ တင်ပို့ခွင့်ရရှိသည်။ မတ်ပဲကို အိန္ဒိယနှင့်မြန်မာ နှစ်နိုင်ငံသာစိုက်ပျိုးသည်။ အိန္ဒိယအစိုးရက မတ်ပဲတန်ချိန်လေးသိန်းကို ဩဂုတ်လကုန်အပြီးတင်သွင်းရန်စီစဉ်ထားသည်။ သို့သော် လက်ရှိအချိန်တွင် မတ်ပဲ တန်လေးသိန်းအတွက် အိန္ဒိယကုန်သည်များက ဝယ်ယူမှုစတင်လုပ်ဆောင်နေပြီး သတ်မှတ်အချိန်အတွင်း မတ်ပဲတန်ချိန် ခုနစ်သောင်းမှရှစ်သောင်း အကြားတင်ပို့နိုင်မည်ဟု ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယဝန်ကြီးချုပ်သည် ပြည်ပမှ ပဲတင်သွင်းမှုမူဝါဒနှင့် ပတ်သက်၍ အပြောင်းအလဲများ ပြုလုပ်လေ့ရှိခြင်းကြောင့် လက်ရှိအချိန် သက်မှတ်မှုကိုလည်း ထပ်မံတိုးပေးနိုင်မည်ဟုမျှော်လင့်ကြောင်း ဧရာဝတီတိုင်းမှ ပဲကုန် သည်အချို့က ပြောသည်။ အချိန်သုံးလအတွင်း မတ်ပဲတန်ချိန် လေးသိန်းတင်သွင်းမည့်အစီအစဉ်မှာ မလွယ်ကူကြောင်းပဲကုန်သည်အချို့ကသုံးသပ်သည်။ ထို့အပြင် အိန္ဒိယနိုင်ငံမှ ပဲခွဲစက်လုပ်ငန်းရှင်များကလည်း မတ်ပဲတန်လေးသိန်းတင်သွင်းမှုနှင့်ပတ်သက်၍ အချိန်သတ်မှတ်ချက် တိုးမြှင့်ပေးရန် အိန္ဒိယအစိုးရထံ တင်ပြထားသည်။

Source: https://7day.news/detail?id=193262

## မြန်မာနိုင်ငံ၌ LNG ဓာတ်အားပေးစက်ရုံ ဂျပန်ကုမ္ပဏီများ တည်ဆောက်မည်



ဂျပန်ကုမ္ပဏီများဖြစ်သော Marubeni ၊ Sumitomo Corp. နှင့် Mitsui & Co. တို့သည် မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ရည် LNG သုံး ဓာတ်အား ပေးစက်ရုံတစ်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းသည် အရှေ့တောင်အာရှ မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီများ၏ အကြီးဆုံးသော ရင်နှီးမြှုပ်နှံမှုများအနက် တစ်ခုဖြစ်မည်ဖြစ်ကြောင်း ယင်းကိစ္စနှင့်နီးစပ်သူ များကပြောသည်။ ယခု ပရောဂျက်၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကနေ ဒေါ်လာ ၂ ဘီလီယံအကြားရှိမည် ဟု အဆိုပါကုမ္ပဏီသုံးခုက အကြမ်းဖျင်းမှန်းဆသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံကို လာမည့် ၂၀၂၅ တွင် စတင်လည်ပတ်နိုင်မည်ဟုမျှော်လင့်ရပြီး ယင်းစက်ရုံ၏ ထုတ်လုပ်နိုင်မည့်ပမာဏသည် မြန်မာနိုင်ငံရှိ ရှိပြီးသား ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်နိုင်မှု၏ ၂၀ ရာခိုင်နှုန်းခန့်နှင့် ညီမျှမည်ဖြစ်သည်။ အခြေခံအဆောက်အအုံ သဘောတူညီချက်များအတွက် တရုတ်တို့ အပြင်းအထန်ပြိုင်ဆိုင်နေသော ဒေသ တစ်ခုတွင် ယခုပရောဂျက်က ဂျပန်တို့အတွက် အောင်မြင်မှုတစ်ခုလည်းဖြစ်သည်။ အရှေ့တောင်အာရှတွင် LNG စွမ်းအင်အပေါ် တောင်းဆိုမှုသည် တန်ဖိုးသက်သာသော ကျောက်မီးသွေးနေရာတွင် မီးခိုးထုတ်လွှတ်မှုနည်းပါးသော အခြားအစားထိုး ရွေးချယ်စရာတစ်ခုအဖြစ် ကြီးထွားလာမည်ဟု မျှော်လင့်ရသည်။

မြန်မာနိုင်ငံတွင်လည်း စက်မှုလုပ်ငန်းထွန်းကားခြင်း၊ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ပေးခြင်းတို့နှင့်အတူ လျှပ်စစ်လိုအပ်ချက်သည် တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ နှုန်းထားတစ်ခုဖြင့် ကြီးထွားလာနေခဲ့သည်။ ထို့ပြင် ကုန်ထုတ်လုပ်မှုလုပ်ငန်းထဲတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မည့်နိုင်ငံ၏ ရည်ရွယ်ချက်အတွက်လည်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများက အတားအဆီးတစ်ခု ဖြစ်နေခဲ့သည်။ ယခုဓာတ်အားပေး စက်ရုံကို ရန်ကုန်မြို့ ဆင်ခြေဖုံးအရပ်တစ်ခုတွင် တည်ဆောက်သွားမည်ဖြစ်သည်။ ဂျပန်ကုမ္ပဏီသုံးခုအနေဖြင့် ပြည်တွင်းရှိ လုပ်ငန်းစုတစ်ခုဖြစ်သော Eden Group နှင့်အတူ ထူထောင်ထားသည့် ဖက်စပ်လုပ်ငန်းတစ်ခုကနေတဆင့် ယင်းစက်ရုံကို လည်ပတ်သွားမည်ဖြစ်သည်။ ယင်းစက်ရုံသည် စုစုပေါင်း ဓာတ်အား ၁,၂၅၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

**Source:** http://www.mizzimaburmese.com/article/71774

## အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ချေးငွေသက်တမ်းသုံးနှစ်ရှိ စီးပွားရေးချေးငွေ ကျပ်ဘီလျံ ၁၀၀ ထုတ်ချေးမည်ဖြစ်ပြီး အပေါင်ပစ္စည်းပေးနိုင်ပါက တစ်နှစ်လျှင် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် အပေါင်ပစ္စည်းမပေးနိုင်ပါက ၁၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးမည်

COVID-19 Economic Relief ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၄/၂၀၂၀) ကြိုတင်ခွင့်ပြုချက်အရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ်ဘီလျံ ၁၀၀ အား မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ချေးငွေသက်တမ်းသုံးနှစ်ရှိ စီးပွားရေး

ချေးငွေကို အပေါင်ပစ္စည်းပေးနိုင်ပါက တစ်နှစ်လျှင် ကိုးရာခိုင်နှုန်းနှင့်အပေါင်ပစ္စည်းမပေးနိုင်ပါက တစ်နှစ်လျှင်အတိုးနှုန်း ၁၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ထုတ်ချေးမည်ဖြစ်ကြောင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက ဇူလိုင် ၂၃ ရက်ကသတင်းထုတ်ပြန်လိုက်သည်။

မြန်မာ့စီးပွားရေးဘဏ်မှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးမည့် ချေးငွေ သတ်မှတ်ချက်များမှာ အပေါင်ပစ္စည်းပေးနိုင်ပါက ချေးငွေအမျိုးအစားအနေဖြင့် နှစ်တိုချေးငွေ (သုံးနှစ်)၊ အတိုးနှုန်းမှာ တစ်နှစ်လျှင် ကိုးရာခိုင်နှုန်းထက် မများသော အတိုးနှုန်း၊ ဆိုင်းငံ့ကာလတစ်နှစ်၊ အတိုးပေးသွင်းမှုမှာ သုံးလတစ်ကြိမ်၊ ပြန်ဆပ်ကာလမှာ ကျန်နှစ်နှစ်အတွင်း လေးကြိမ်ခွဲ၍ အပြည့်အဝ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး ဖြေလျှော့ချက်အနေဖြင့် သက်ဆိုင်ရာအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက ချေးငွေသက်တမ်းတိုးဆောင်ရွက်လိုပါက ချေးငွေထုတ်ချေးရေး ဦးဆောင်ကော်မတီသို့ တင်ပြ၍ခွင့်ပြုချက်ရရှိပါက သက်တမ်းတိုးဆောင်ရွက်နိုင်သည်။ အပေါင်ပစ္စည်းမပေးနိုင်ပါက အတိုးနှုန်း ၁၁ ဒသမ ၅ ရာခိုင်နှုန်းထက်မများသော အတိုးနှုန်းဖြင့် ဆိုင်းငံ့ကာလ တစ်နှစ်၊ အတိုးပေးသွင်းမှုမှာ သုံးလတစ်ကြိမ်၊ ပြန်ဆပ်ကာလမှာ ကျန်နှစ်နှစ်အတွင်း တစ်နှစ်လျှင်နှစ်ကြိမ်ဖြင့် လေးကြိမ်အတွင်း အပြည့်အဝပေးဆပ်ရမည်ဖြစ်သည်။

ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ပြည့်စုံရမည့်စံနှုန်းများမှာ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိပြီးဖြစ်ရမည်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ပြီးဖြစ်ရမည်၊ နိုင်ငံတော်သို့ပေးဆပ်ရန်ရှိသည့် အခွန်အခများ ပေးဆောင်ပြီးဖြစ်ရမည်၊ ချေးငွေအား သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးဆပ်ရန်ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အာမခံပါရှိရမည်ဖြစ်သည်။ ချေးငွေလျှောက်လွှာ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလိုင်စင်ခွင့်ပြုချက်၊ ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ စုစုပေါင်း ထည့်ဝင်ပြီးမတည်ငွေရင်း ( ) ကျပ်သန်း၊ ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ထုတ်ချေးငွေလက်ကျန်စုစုပေါင်း( ) ကျပ်သန်း၊ ပြည်တွင်း/ ပြည်ပချေးငွေရယူထားသော ချေးငွေလက်ကျန်ပမာဏ၊ နိုင်ငံခြားငွေ() သန်း၊ ကျပ်( )သန်း- နောက်ဆက်တွဲဖြင့် ဖော်ပြရန်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်နောက်ဆုံးစစ်ဆေးခဲ့သည့် စစ်ဆေးချက်အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများ (လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ် ရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း(Cash Flow Statement)၊ ချေးငွေ ရယူရန် BOD အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်မှတ်တမ်း၊ မိခင်ကုမ္ပဏီရှိပါက မိခင်ကုမ္ပဏီ၏ သဘောတူခွင့်ပြုချက် အထောက်အထား၊ ရယူလိုသည့် ချေးငွေပမာဏ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ဆောင်ရွက်မည့်အစီအစဉ်၊ လုပ်ငန်းဆောင်ရွက်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ တင်သွင်းနိုင်သည့် အပေါင်ပစ္စည်းအမျိုးအစားများတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ (မြေနှင့် အဆောက်အဦ)၊ ပုံစံ ၇၊ လန(၃၉)၊ လယ( ၃၀ က)နှင့် (၁) အရ အခြားနည်းဖြင့် သုံးစွဲခွင့်ရသော မြေငှားလိုင်စင်/ ဂရန် / ဘိုးဘွားမြေ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများတွင် စက်၊ ယာဉ်၊ ယန္တရား)၊ နိုင်ငံခြားငွေ စသည်တို့ကို ပြည့်စုံစွာဖော်ပြ၍ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန(ရုံးချုပ်)သို့ လျှောက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းအနေဖြင့် ချေးငွေရယူလိုသည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တင်ပြလာသော ချေးငွေလျှောက်ထားမှုများကိုစုစည်း၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးပို့တင်ပြရမည်၊ ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက ၎င်းတို့ချေးယူထားငွေများအား သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရေးအတွက် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည် ။ ချေးငွေပေးဆပ်မှုနောက်ကျ/ပျက်ကွက်သည့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများအား တရားမကျင့်ထုံးဥပဒေအရ အရေးယူဆောင်ရွက်ရာတွင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့ကို ကူညီဆောင်ရွက်ရမည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/184200

## နိုင်ငံခြားတင်ပို့မှုများကျဆင်းပြီး တောင်ကိုရီးယားစီးပွားရေးကျကပ်အတွင်းဝင်ရောက်

COVID-19 ကပ်ရောဂါကြောင့် နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှုများ အကြီးအကျယ်ထိခိုက်ပြီး လူချင်းခွာနေရေး တင်းကျပ်မှုက စက်ရုံလုပ်ငန်းများကို ချည့်နဲ့သွားစေခဲ့စဉ် တောင်ကိုရီးယားသည် ဒုတိယသုံးလပတ်တွင် စီးပွားရေးကျကပ်အတွင်း ဝင်ရောက်ခဲ့သည်။ အာရှ၏ စတုတ္ထအကြီးဆုံးစီးပွားရေးသည် ၂၀၂၀ ဒုတိယသုံးလပတ်တွင် ပထမသုံးလပတ်ကထက် စီးပွားရေး ၃ ဒသမ ၃ ရာခိုင်နှုန်း ဆုတ်ယုတ်ခဲ့သည်ဟု ဗဟိုဘဏ်ကပြောကြားသည်။ ယင်းမှာ ၁၉၉၈ အာရှဘဏ္ဍာရေးအကျပ်အတည်း ကာလ ပထမသုံးလပတ် ဆုတ်ယုတ်မှုနောက်ပိုင်း အကြီးမားဆုံးစီးပွားရေးကျဆင်းမှုဖြစ်သည်။

စားသုံးသူများ၏ ငွေကြေးသုံးစွဲမှု တဖြည်းဖြည်းပြန်လည် တိုးတက်လာမည်ဖြစ်သော်လည်း ဗိုင်းရပ်စ်ထံမှ ခြိမ်းခြောက်မှုသည် လုံးလုံးပျောက်ကွယ်မည်မဟုတ်ဘဲ လူချင်းခပ်ခွာခွာနေရေး အစီအစဉ်များဆက်ရှိနေနိုင် သည်ဟု Capital Economics မှ အာရှရေးရာ စီးပွားရေးပညာရှင် အဲလက်စ်ဟုမ်းစ်ကပြောကြားသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာ့ဝယ်လိုအားသည် တဖြည်းဖြည်းချင်းသာ ပြန်ကောင်းလာနိုင်ပြီး ယင်းကနိုင်ငံခြားတင်ပို့မှုများအပေါ် သက်ရောက်မှုရှိမည်ဟု ဟုမ်းစ်က ဆက်ပြောသည်။ တောင်ကိုရီးယား၏ ဂျီဒီပီသည် နှစ်စဉ်နှုန်းနှင့်တွက်ချက်ပါက ၂ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ယင်းမှာ ၁၉၉၈ စတုတ္ထသုံးလပတ်နောက်ပိုင်း အဆိုးဆုံးကျဆင်းမှုဖြစ်သည်။ ရိုက်တာသတင်းဌာန၏ စစ်တမ်းခန့်မှန်းချက် ၂ ဒသမ ၂ ရာခိုင်နှုန်းထက် လည်းပိုများသည်။ တောင်ကိုရီးယားစီးပွားရေး၏ ၄၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသော နိုင်ငံခြားတင်ပို့မှုသည် ဒုတိယသုံးလပတ်တွင် ၁၆ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းကာ စီးပွားရေးဆုတ်ယုတ်မှုကိုဖြစ်စေသော အဓိကအကြောင်းရင်းလည်းဖြစ်သည်။ ယင်းဆုတ်ယုတ်မှုမှာ ၁၉၆၃ နောက်ပိုင်း အကြီးမားဆုံး ဆုတ်ယုတ်မှုလည်းဖြစ်သည်။

**Source: Reuters**

https://7day.news/detail?id=193276

## နွေနှမ်းအထွက်နှုန်းနှင့်စျေးနှုန်းကျနေသဖြင့် တောင်သူများအရှုံးပေါ်

မင်းဘူးခရိုင်အတွင်းရှိ ပွင့်ဖြူမြို့နယ်နှင့် မင်းဘူး(စကု)မြို့နယ်များမှ နွေနှမ်းစိုက်တောင်သူများမှာ နှမ်းအထွက်နှုန်း ကျဆင်းကြသည့်အပြင် စျေးနှုန်းကလည်းကျဆင်းနေခြင်းကြောင့် အရှုံးနှင့်ရင်ဆိုင်ကြရသည်။ ယခင်နှစ်က နွေနှမ်းတစ်ဧကကို ခုနှစ်တင်းကျော်မှ တင်း ၂၀ အထိရရှိပြီး နှမ်းဖြူတစ်တင်းကို ကျပ် ၅၀,၀၀၀ ကျော်နှင့် စမုံနက်နှမ်းတစ်တင်းကို ကျပ် ၆၀,၀၀၀ ကျော်မှ ၇၀,၀၀၀ အထိ ရောင်းချရသော်လည်း ယခုနှစ်တွင် နှမ်းတစ်ဧကကို နှစ်တင်းမှ ငါးတင်းအထိသာ ထွက်ရှိကြသည့်အပြင် စျေးနှုန်းမှာလည်း နှမ်းဖြူတစ်တင်းကို ၃၇,၀၀၀ကျော်နှင့် စမုံနက်တစ်တင်းကို ကျပ် ၅၀၀၀၀ ခန့်သာရသဖြင့် တောင်သူများ အရှုံးပေါ်ကြကြောင်း မင်းဘူး(စကု)မြို့နယ် ကဒီးကျေးရွာမှ ဦးစိုးကြီးကပြောသည်။ "ဒီနှစ်မှာက နှမ်းကို မထွက်ဘူးဖြစ်နေတယ်။ နှမ်းတွေက နောက်မိုးရွာပြီး အရွက်တွေက ကုတ်ကုန်တာ အဲ့လိုဖြစ်ကုန်တာ များတယ်။ အထွက်နှုန်းနည်း နှမ်းထွက်မကောင်းတော့ တောင်သူတွေ ရှုံးကြတာ များတယ်။ မြေအောက်ရေနဲ့ စိုက်ပြီး ကုန်ကျစရိတ်များတော့ ရှုံးကြတာများတယ်။ " ဟု ဦးစိုးကြီးက. ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ကျောက်စစ်ပုံ၊ထနောင်းတော၊ကန်ဆွယ်၊ကန်ကုလား၊မင်းလှကုန်း၊ ရေပုတ်၊ ဇရပ်ကြီး၊ ခူဝံရွာနှင့် ကဒီးကျေးရွာများ၊ပွင့်ဖြူမြို့နယ် လယ်ကိုင်း၊ကျောင်းတော်ရာဒေသများ မြေအောက်ရေဖြင့် နှမ်းအများဆုံး စိုက်ကြသည်။ ပွင့်ဖြူမြို့နယ် ဘိုကုန်းကျေးရွာမှ ဦးစိုးလင်းဦးက " မနှစ်ကထက်စာရင် အထွက်နှုန်းလျော့တယ်။ နောက်မိုးက မလိုက် ဘူးလေ။ မြေအောက်ရေများများဖြန်းနိုင်မှ များများရတယ်။ ရေများများဖျန်းတော့လည်း ကုန်ကျစရိတ်ကများတယ်။ ပိုက်ဆံမရှိတဲ့သူက ရေမဖျန်းနိုင်တော့ နည်းနည်းပဲရတယ်။ ငါးဧက စိုက်တာမှ နှမ်း ၂၅ တင်းရတယ်။ ဘယ်လိုမှ မကိုက်ပါဘူး " ဟုပြောသည်။

နွေရာသီမှ စတင်စိုက်ပျိုးရ၍ ငါးကြိမ်အထိ ရေသွင်းရ၊ ရေဖျန်းရသည့်အတွက် နှမ်းတစ်ဧကကို တစ်သိန်းကျော်ကုန်ကျစရိတ်ရှိသည်။ အပင်အားဆေး၊ ပိုးမွှားကာကွယ်ဆေး၊ မြေဩဇာ၊ ပေါင်းနုတ်ခ၊ ရိတ်သိမ်းခ ၊ နှမ်းခါခ ၊ သယ်ပို့စရိတ်စသည့် ကုန်ကျစရိတ်များခြင်းကြောင့် လက်ရှိရောင်းချချိန် နှမ်းစျေးမရသဖြင့် တောင်သူများအရှုံးပေါ်ခြင်းဖြစ်သည်။ ဇူလိုင်လ ၁၆ ရက် မကွေးကုန်စည်ဒိုင်ပေါက်စျေးများအရ စမုံနက်နှမ်း(ရေဆင်း) ၄၅ ပိဿာရှိသည့် သုံးတင်းဝင်တစ်အိတ်လျှင် ၁၇၅,၀၀၀ မှ ၁၈၅,၀၀၀ ကျပ်ကြား၊ ဂွနက်နှမ်း တစ်အိတ်လျှင် ၁၂၅,၀၀၀မှ ၁၃၀,၀၀၀ ကျပ်ကြား၊ မကွေးနှမ်းဖြူ တစ်အိတ်လျှင် ၁၁၅,၀၀၀

ကျပ်၊ ရေသွင်းနှမ်းဖြူ တစ်အိတ်လျှင် ၁၁၂,၀၀၀ မှ ၁၁၅,၀၀၀ ကျပ်ကြား၊ နှမ်းအနီ တစ်အိတ်လျှင် ၁၀၅,၀၀၀ မှ ၁၀၈,၀၀၀ ကျပ်ကြား၊ နှမ်းညိုကြား တစ်အိတ်လျှင် ၁၀၃,၀၀၀ မှ ၁၀၈,၀၀၀ ကျပ်ကြားရှိကြောင်းသိရသည်။

**Source: The Farmer Journal.**

https://www.facebook.com/myanmaawba/?ref=page_internal

## Covid-19 ဖြစ်စဉ်ကြောင့် သီးနှံအများစု ဈေးကွက်ထိခိုက်သော်လည်း အော်ဂဲနစ်နဂါးမောက် အရောင်းသွက်နေ



Covid-19 ဖြစ်စဉ်ကြောင့် သီးနှံအများစု ဈေးကွက်ထိခိုက်မှုဒဏ်ခံစားရသော်လည်း အော်ဂဲနစ်နဂါးမောက်များ အရောင်းသွက်နေကြောင်း ကိုယ်တိုင်စိုက်ပျိုးနေသူများကပြောသည်။ ဒီနှစ်က ကိုဗစ်ကာလလည်းရှိတော့ သိတဲ့အတိုင်း ဈေးလျော့ရောင်းကြရတာပေါ့။ ကျွန်တော်ကတော့ ဈေးမလျော့ဘူး။ မနှစ်က ဒီလောက်မရောင်းရဘဲ ဒီနှစ် တော်တော်လေးရောင်းရတယ်။ Dr.ခင်မောင်လွင်ကလည်း နဂါးမောက်သီးရဲ့ကျန်းမာရေးကောင်းကျိုးတွေကို ဖော်ပြပေးတော့ လူတွေက ဒီနဂါးမောက်သီးကို တော်တော်လေးကို မှာစားကြတယ်။ ကလေးတွေပါ ကြိုက်လာကြတယ်။ ကျန်းမာရေးကို ဂရုစိုက်လာကြတော့ အော်ဂဲနစ်သီးနှံစားချင်လာတယ်။ ဒီနှစ်အော်ဂဲနစ်ဈေးကွက် ပိုကောင်းလာတယ်ပြောရမှာပေါ့ဟု ပြင်ဦးလွင်ဒေသ၊ နောင်လိုင်ကျေးရွာအုပ်စု၊ ပါအယ်ရွာရှိ Japan Organic Farm မှ ဦးအောင်အေးချမ်းကပြောသည်။

အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် နဂါးမောက်သီး အဖြူ၊ အနီ တစ်ကီလိုလျှင် (၃၀၀၀) ကျပ်နှုန်းဖြင့် ရောင်းချနေကြောင်းသိရသည်။ ကျွန်တော်ခြံ (ပြင်ဦးလွင်) ကထွက်တဲ့ နဂါးမောက်သီးတွေကို မြစ်ကြီးနားကနေ ဟိုးအောက်ဘက် ကော့သောင်းအထိ ပို့ပေးနေရတယ်။ လှမ်းမှာကြတယ်။ ရန်ကုန်ကတော့အဓိကပေါ့ဟု ဦးအောင်အေးချမ်းက ဆက်လက်ပြောသည်။ နဂါးမောက်ပင်ကို ပုပ္ပါး၊ ပြင်ဦးလွင်ဒေသများ၌ အဓိကစိုက်ပျိုးထုတ်လုပ်နေပြီး နောင်ချို၊ တောင်ကြီး၊ ရပ်စောက် စသည့်ဒေသများ၌လည်း စိုက်ပျိုးမှုများရှိကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/get_high_price_of_organic_dragon_fruit

## ဝန်းသိုမြို့၌ ကြက်မောက်ပင်များ ယခင်နှစ်ထက် အသီးပိုသီးသော်လည်း ကိုဗစ်-၁၉ ကာလကြောင့် အရောင်းအဝယ်အေး



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ပေါ် ဥယျာဉ်တော်ရပ်ရှိ နေအိမ်ခြံဝင်းများအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသည့် ကြက်မောက်ပင်များမှာ ယခင်နှစ်ကထက် အသီးပိုသီးသော်လည်း ကိုဗစ်-၁၉ကာလကြောင့် အရောင်းအဝယ် အဆင်မပြေဖြစ်နေကြောင်း ကြက်မောက်သီးရောင်းဝယ်ရေးပြုလုပ်နေသူတစ်ဦးထံမှသိရသည်။ "ကျွန်မတို့နေအိမ်မှာ မိရိုးဖလာစိုက်ပျိုးထားတဲ့ ကြက်မောက်သီးပင် လေးပင်ရှိပါတယ်၊ အရင်နှစ်က ကြက်မောက်သီးတစ်လုံးကို ၇၀ ကျပ်ရောင်းရပြီးတော့ ခုနှစ်သိန်းကျော်လောက်ရလိုက်တယ်၊ ဒီနှစ်မှာက ကြက်မောက်သီးတော့ အသီးပိုသီးတယ်၊ ဒါပေမယ့် ကိုဗစ်-၁၉ရောဂါ ကာလဆိုတော့ ရောင်းရတဲ့ နေရာမှာ အဆင်မပြေဘူး။ ကြက်မောက်သီး ၂၅လုံးကိုမှ ၁၀၀၀ဘဲရောင်းရတယ်၊ ရောင်းရတာလည်းမသွက်ဘူး"ဟု ဥယျာဉ်တော်ရပ်နေ ကြက်မောက်သီးရောင်းဝယ်ရေးလုပ်ကိုင်နေသူ ဒေါ်ခင်မာကြည်ကပြောသည်။

ဝန်းသိုမြို့ပေါ် ဥယျာဉ်တော်ရပ်နှင့် နန္ဒာဝန်ရပ်များတွင် ဘိုးစဉ်ဘောင်ဆက် လူကြီးများက မရမ်းသီး၊ တရုတ်ဆီးသီး၊ သရက်သီး၊ ကြက်မောက်သီး၊ နှင်းသီးစသည့်သီးနှံပင်များကို မိမိတို့ အိမ်ခြံမြေအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိခဲ့ကြရာ

အဆိုပါသီးနှံများကို ရာသီအလိုက်ရောင်းချ၍ မိသားစုအပိုဝင်ငွေများရရှိသော်လည်း ယခုနှစ်ကိုဗစ်-၁၉ကာလအတွင်း သီးနှံများ ရောင်းချရာတွင် ယခင်နှစ်များလောက် အဆင်မပြေဖြစ်နေကြကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## စင်ကာပူနိုင်ငံ၏ ပြည်တွင်းခရီးသွားဈေးကွက်မြှင့်တင်ရန်အတွက် စင်ကာပူဒေါ်လာ ၄၅ သန်း သုံးစွဲရန်လျာထား

စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနအောက်ရှိ စင်ကာပူခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ (Singapore Tourism Board – STB) သည် ပြည်တွင်းခရီးသွားလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် စင်ကာပူတွင် နေထိုင်သူများအား စင်ကာပူရှိ ထူးခြားသော နေရာများသို့ ပြန်လည်၍လည်ပတ်သွားလာကြစေရန် "SingapoRediscovers" ဟု အမည်ပေးထားသော ပြည်တွင်းခရီးသွားဈေးကွက်မြှင့်တင်ရေးလှုပ်ရှားမှုတစ်ခုကို စတင်မည်ဖြစ်ကြောင်းနှင့် အဆိုပါလှုပ်ရှားမှု အတွက် စင်ကာပူဒေါ်လာ ၄၅ သန်းကို သုံးစွဲသွားရန်လျာထားကြောင်း ၂၂ – ၇ – ၂၀၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

အဆိုပါလျာထားချက်မှာ စင်ကာပူ၏ ပြည်တွင်းဈေးကွက်မြှင့်တင်နိုင်ရန်အတွက် အများဆုံး သုံးစွဲမှုတစ်ခုဖြစ်ကြောင်းနှင့် ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့သော "ခရီးသွားလုပ်ငန်းပြန်လည် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့" ၏ ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်တွင်း၌ နေထိုင်သူများက တိမ်မြုပ်နေသော အဖိုးတန်နေရာများကို လေ့လာကြည့်ရှုနိုင်ရေးအတွက် လူမှုအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စစ်မှန်သော အတွေ့ အကြုံများ ရရှိနိုင်သောခရီးစဉ်များကို ဖော်ထုတ်ပေးခြင်းနှင့်ဆွဲဆောင်မှုရှိသော ဈေးကွက်မြှင့်တင်ရေးအစီအစဉ်တို့ဖြင့် ဆောင်ရွက် သွားနိုင်ရန်အတွက် ဟိုတယ်၊ ခရီးသွားအေဂျင်စီ၊ ခရီးသည်ဆွဲဆောင်သည့်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့ပြင် ယခင်ကတည်းက ဆောင်ရွက်ပေးနေသော "Marketing Partnership Programme" နှင့် "SG Stories Content Fund" စသည့် ဈေးကွက်မြှင့်တင်ရေးပံ့ပိုးမှုအစီအစဉ်တို့ဖြင့်လည်း ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကိုဗစ် ၁၉ ကြောင့် ခရီးသည်များ၏ ယုံကြည်မှုနှင့် နိုင်ငံတကာခရီးသွားလာမှုသည် ပြန်လည်နာလန်ထူလာရန်မှာ အချိန်ကာလတစ်ခုအထိ ကြာမြင့်နိုင်သောကြောင့် ပြည်တွင်းခရီးသွားလာရေးကဏ္ဍကို ထိန်းသိမ်းထားနိုင်ရန် အစိုးရ၊ လူမှုရေး အဖွဲ့အစည်းလုပ်ငန်းများနှင့် နိုင်ငံသားတို့မှ ပေါင်းစည်းကြိုးပမ်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဤဈေးကွက်မြှင့်တင်ရေး လှုပ်ရှားမှုမှတစ်ဆင့် စင်ကာပူနိုင်ငံသားများအနေဖြင့် ကိုယ့်နိုင်ငံကို ပြန်လည်စူးစမ်းလေ့လာနိုင်မည်ဖြစ်ပြီး ပြည်တွင်း ခရီးသွားလုပ်ငန်းများ ရပ်တည်နိုင်ရေးအတွက် ကူညီပံ့ပိုးသွားနိုင်မည် ဖြစ်ကြောင်း STB ၏ အမှုဆောင်အရာရှိချုပ် Mr Keith Tan က တိုက်တွန်းပြောကြားပါသည်။

**Source:** Singapore Tourism Board

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ANA အနေဖြင့် ၎င်း၏ ပြည်တွင်းလေကြောင်းခရီးစဉ်အားလုံး၏ ၉၀ % ခန့်ကို လာမည့်ဩဂုတ်တွင် ပြန်လည်စတင်ပြေးဆွဲမည်ဖြစ်ကြောင်းပြောကြားခဲ့

All Nippon Airways Co., ltd (ANA) သည် ၎င်း၏ ပြည်တွင်းလေကြောင်းခရီးစဉ် အားလုံး ၏ ၉၀ % ခန့်ကို လာမည့် ဩဂုတ်လမှစတင်ကာ ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း၊ အစိုးရမှ ဦးစီးဆောင်ရွက်နေသည့် ပြည်တွင်းခရီးသွားလာရေး လှုပ်ရှားမှုအစီအစဉ်နှင့် နွေရာသီပိတ်ရက်တွင် ခရီးသွားများပြားလာမည့် အခြေအနေများကြောင့် ပြည်တွင်းလေကြောင်းလိုင်း ခရီးစဉ်များ ပြန်လည် နာလန်ထူလာနိုင်မည်ဖြစ်ကြောင်း မျှော်မှန်းနေပါသည်။

နှစ်စဉ် ဂျပန်နိုင်ငံ၏ နွေရာသီပိတ်ရက်များတွင် ခရီးသွားများ အလွန်များပြားခဲ့မှုနှင့်အညီ ဟော့ကိုင်းဒိုးဒေသနှင့် အိုကီနာဝါဒေသတို့သို့ ဆက်သွယ်ထားသည့် ANA ၏ ပြည်တွင်းလေကြောင်း ခရီးစဉ် ၂၂ ခုကို ပြန်လည်ဖွင့်လှစ်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ပြည်တွင်းစီးပွားရေးဆောင်ရွက်ချက်များသည်လည်း အရေးပေါ်အခြေအနေရုတ်သိမ်းပြီးနောက် အဆင့်လိုက်ဖြေလျော့မှုများနှင့် ပြန်လည်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဂျပန်လေကြောင်းလိုင်းများအနေဖြင့် ကိုဘေးနှင့်

ဆေးပေါရှိအကြား ဆက်သွယ်ပျံသန်းမှုကို ဩဂုတ်လ ၁ ရက်နေ့တွင် လည်းကောင်း၊ အဆိုပါဒေသနှစ်ခုနှင့် နာဂိုယာ၊ ဟော့ကိုင်းဒိုးတို့အကြား ဆက်သွယ်ပျံသန်းမှုကို ဩဂုတ်လ ၇ ရက်နေ့တွင်လည်းကောင်း အသီးသီးပြန်လည်စတင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရပါသည်။ ဂျပန်အစိုးရက ကိုရိုနာကပ်ရောဂါကြောင့် အထိနာနေသည့် ပြည်တွင်းခရီးသွားလုပ်ငန်းကို ပြန်လည်ရှင်သန်နိုးထ လာစေရန် Go To Travel Campaign ကို ဇူလိုင်လ ၂၂ ရက်နေ့တွင် စတင်မည်ဟုကြေငြာခဲ့ပါသည်။ ကနဦးအစီအစဉ်အဖြစ် ပြည်တွင်းခရီးသွားများ၏ ခရီးအတွက်ကုန်ကျစရိတ် (အခန်းငှားခ၊ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များပါဝင်သည့်) ကို တစ်ဝက်ခန့်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

ငင်း၏ စီးပွားရေးလျာထားချက်အရ ANA သည် ပြည်တွင်းလေကြောင်းခရီးစဉ် ၂၄,၈၁၄ ကို  လာမည့် ဩဂုတ်လတွင် ပြန်လည်စတင်မည်ဖြစ်ပြီး ၂,၉၃၂ ခုကို ယာယီရပ်ဆိုင်းခြင်း (သို့မဟုတ်) လျှော့ချသွားမည်ဖြစ်ကြောင်းသိရပါသည်။ ဇူလိုင်လအတွင်း ANA အနေဖြင့် ဒေသ ၁၀၉ ခုအတွက် လေကြောင်းခရီးစဉ် ၁၂,၂၂၇ ခန့် ရပ်ဆိုင်းခဲ့ကြောင်းသိရပါသည်။ နိုင်ငံတကာလေကြောင်းလိုင်းများအနေဖြင့် ANA သည် တိုကျိုမြို့၊ ဟာနေးဒါးလေဆိပ်နှင့် တရုတ် (ထိုင်ပေ) ၊ ဗီယက်နမ်နိုင်ငံ (ဟိုချီမင်းမြို့တော်) ၊ အမေရိကန်ပြည်ထောင်စု (ဝါရှင်တန်ဒီစီ) နှင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တို့သို့ ဩဂုတ်လမှစတင်ကာ အသီးသီး ပြန်လည်စတင်ပြေးဆွဲရန် ပြင်ဆင်နေကြောင်းသိရပါသည်။ သို့သော်လည်း ကမ္ဘာတစ်လွှားကိုရိုနာကပ်ရောဂါ ဆက်လက်ပြန့်ပွားနေဆဲဖြစ်နေသဖြင့် နိုင်ငံတကာလေကြောင်းလိုင်းများဝန်ဆောင်မှုအားလုံး၏ ၉၀ % ခန့်မှာ ယာယီရပ်ဆိုင်းထားဆဲအခြေအနေတွင် ရှိနေပါသေးကြောင်း ANA က ပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အထူးကုန်သွယ်ခွင့်ပြန်လည်ရုပ်သိမ်းခြင်းကြောင့် အမေရိကန်လုပ်ငန်းများ အထိနာမည်ဖြစ်ကြောင်း အမေရိကန်ကုန်သည်ကြီးများအသင်းက အသိပေးပြောကြားခြင်း

အမေရိကန်သမ္မတထရန့်က ၁၉၉၂ ခုနှစ်က သဘောတူထားခဲ့သည့် United States–Hong Kong Policy Act အရ ပေးအပ်ထားသည့် အထူးကုန်သွယ်ခွင့်များကို ပြန်လည်ရုပ်သိမ်းမည့် ညွှန်ကြားချက် (Executive Order) ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် (၂)ရက်အကြာ၌ ဟောင်ကောင်အထူးကုန်သွယ်ခွင့်များ ရုပ်သိမ်းမှုကြောင့် ဟောင်ကောင်ရှိ အမေရိကန်စီးပွားရေးလုပ်ငန်းများ ထိခိုက်နိုင်ကြောင်း ဟောင်ကောင်ဒေသရှိ အကြီးမားဆုံး နိုင်ငံတကာစီးပွားရေးအုပ်စုဖြစ်သည့် အမေရိကန်ကုန်သည်ကြီးများအသင်းက ပြောကြားခဲ့ကြောင်း၊ ဟောင်ကောင်အမျိုးသားလုံခြုံရေးဥပဒေကြောင့် “တစ်နိုင်ငံ၊ စနစ်နှစ်မျိုး” မူဝါဒကိုအဟန့်အတားဖြစ်စေပြီး ဟောင်ကောင်ကို တရုတ်ပြည်မကြီးနှင့် တန်းတူထားဆက်ဆံသွားမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရန် ဟောင်ကောင်ပတ်စ်ပို့ ကိုင်ဆောင်သူများကို ပေးအပ်ထားသည့် အထူး အခွင့်အရေးများကိုလည်း မကြာမီ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ အုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်သည့် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်ဒေသအရာရှိကြီးများကို အရေးယူသည့်ဥပဒေကိုလည်း သမ္မတထရန့်မှ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများကို အခွန်ကောက်ခံသကဲ့သို့ ဟောင်ကောင်ဒေသထုတ်ပစ္စည်းများတင်ပို့မှုနှင့် အမေရိကန်မှ စစ်လက်နက်ပစ္စည်းများ တင်သွင်းမှုအပေါ်ကိုလည်း အခွန်ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်သို့ အမေရိကန်နိုင်ငံမှ အဆင့်မြင့်နည်းပညာသုံး ကုန်စည်များတင်သွင်းမှုနှင့် အမေရိကန်သို့ ကျောင်းသားများသင်တန်းတက်ရောက်ခွင့်များကို ပယ်ဖျက်ခြင်းများလည်းပါဝင်ကြောင်း၊ ၁၉၉၇ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့်ဥပဒေကြောင့် ဟောင်ကောင်ဒေသသည် ကမ္ဘာ့စီးပွားရေး အချက်အချာကျသည့်ဒေသအဖြစ် ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် အင်ဒို-ပစိဖိတ်ဒေသရှိ အမေရိကန်၏ အကျိုးစီးပွားကို အကာကွယ်ပေးရန် ရည်ရွယ်ခဲ့ကြောင်း၊ ဟောင်ကောင်ရှိ အမေရိကန်စီးပွားရေးလုပ်ငန်းများရှင်သန်ရန်မှာ ကုန်ပစ္စည်းများအတွက် ပွင့်လင်းမြင်သာပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဈေးကွက်နေရာနှင့် စီးပွားရေးစနစ်ကောင်းများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံနှင့် ဟောင်ကောင်ဒေသတို့အကြား ငွေကြေးလဲလှယ်မှုမူဝါဒနှင့်ပတ်သက်၍ အမေရိကန်စီးပွားရေးလုပ်ငန်းများအတွက် စိုးရိမ်ပူပန်လျက်ရှိပြီးမူဝါဒမရှိလျှင် အောင်မြင်ရန်ခက်ခဲမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများနှင့် စီးပွားရေးကိုလည်း ထိခိုက်နိုင်ကြောင်း၊ သို့သော် ဟောင်ကောင်၌ ငွေသားများလွတ်လပ်စွာစီးဆင်းမှု၊ ဥပဒေစိုးမိုးမှု၊ ကျွမ်းကျင်ပညာရှင်များနှင့် ရိုးရှင်းပြီးနိမ့်ပါးသည့် အခွန်ကောက်ခံမှုစနစ်ကို ကျင်းသုံးမည်ဟုပြောကြားထားသော်လည်း ဟောင်ကောင်အနေဖြင့်

ကမ္ဘာ့ငွေကြေးအချက်အချာကျသည့်ဒေသအဖြစ် ကြာရှည်စွာရပ်တည်ရန်မဖြစ်နိုင်ဟု အမေရိကန်ဘက်က ပြောကြားခဲ့ကြောင်း၊ တရုတ်–အမေရိကန် ကုန်သွယ်ရေးတင်းမာမှု အရှိန်မြင့်တက်နေသည့်အကြားတွင် ဟောင်ကောင်ဒေသသည် အရေးပါသည့်ကဏ္ဍမှ ပါဝင်နေမည်ဖြစ်ကြောင်း၊ တရုတ်ပြည်မကြီး ကုမ္ပဏီများအတွက် ရန်ပုံငွေထည့်ဝင်မှုများတိုးရန် ဟောင်ကောင် စတော့ရှယ်ယာ ဈေးကွက်မှပံ့ပိုးမှုမျာ းရှိနေမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ ဂျီဒီပီမှာ COVID–19 ကြောင့် ယခုနှစ် တွင်(၇.၂) ရာခိုင်နှုန်းအထိ လျော့ကျနိုင်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Denis Tsang က“Revoking of Special Trade Status will hurt US Firms, AmCharm warns” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး–မြန်မာသံရုံး ၊ ဟောင်ကောင်**

## STOCK EXCHANGE (24.7.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 24th Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +500 | +5.00% | 10,500 | 10,500 | 10,500 | 527 | 5,533,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,750 | 519 | 1,969,700 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 21,500 | 22,000 | 21,500 | 113 | 2,431,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | -100 | -3.51% | 2,750 | 2,750 | 2,750 | 10 | 27,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,800 | +50 | +1.82% | 2,700 | 2,800 | 2,700 | 657 | 1,833,900 | 19,977,223 | 55,936 |


### Market summary

As of 24th Jul. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 444.51 | +8.92 | +2.05% | 434.08 | 444.51 | 433.61 | 1,826 | 11,795,600 | 6 | 661,408 |

**Index chart**



# Market Overview

As of 1:00 pm, 23rd Jul. 2020

| MYANPIX | 435.59 ▲ 2.15 |
| --- | --- |
| Total Volume (shares) | 2,439 |
| Total Value (MMK) | 14 mil |
| Listed Company | 6 |
| Market Cap. (MMK) | 648,134 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 100 |
| EFR | 00006 | 2,750 | ▲ 50 |

TIR